ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
အကောက်ခွန်ဦးစီးဌာန

# အကောက်ခွန်သတင်းလွှာ

အတွဲ ၉ ၊ အမှတ် ၂

၂၀၂၃ ခုနှစ် ၊ မေလ ၁ ရက်

## ၁၃၈၄ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲအထိမ်းအမှတ်အဖြစ် ဝန်ထမ်းများ သင်္ကြန်ယိမ်းအကပြိုင်ပွဲ ကျင်းပခြင်း



**ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ပထမဆုရရှိသော အကောက်ခွန်ဦးစီးဌာနအား ဆုချီးမြှင့်နေစဉ်**

ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် ဒုတိယဝန်ကြီးများဖြစ်သော ဦးမောင်မောင်ဝင်း၊ ဒေါ်သန်းသန်းလင်းတို့နှင့်အတူ နေပြည်တော်ရှိ စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန၌ ကျင်းပသော ၁၃၈၄ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲ အထိမ်းအမှတ်အဖြစ် ဝန်ထမ်းများ သင်္ကြန်ယိမ်းအကပြိုင်ပွဲကို ကြည့်ရှုအားပေးပြီး မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲကို သင်္ကြန်ရေစင်များပက်ဖျန်း၍ ပျော်ရွှင်စွာ ဆင်နွှဲခဲ့ကြသည်။

ဆက်လက်၍ ဝန်ထမ်းများ သင်္ကြန်ယိမ်းအကပြိုင်ပွဲကို ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဝန်ကြီးဌာနအောက်ရှိဌာနများမှ ဌာနကိုယ်စားပြု စုစုပေါင်း ယိမ်းအဖွဲ့ ၂၀ ခုတို့က ပါဝင်ယှဉ်ပြိုင်ကြသည်။ ထို့ပြင် ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဝန်ကြီးဌာနအောက်ရှိ ဌာနများမှ မိမိတို့ မဏ္ဍပ်များအလိုက် သင်္ကြန်စတုဒိသာ ကျွေးမွေးဧည့်ခံကြရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဝန်ထမ်းများနှင့်အတူ ကြည့်ရှုအားပေးခဲ့ကြပြီး ပြိုင်ပွဲတွင် ပထမဆုရရှိသော အကောက်ခွန်ဦးစီးဌာန၊ ဒုတိယဆုရရှိသော ပြည်တွင်းအခွန်များဦးစီးဌာန၊ တတိယဆုရရှိသော ပြည်ထောင်စုဝန်ကြီးရုံး (ရုံးအမှတ်-၂၆)၊ စတုတ္ထရရှိသော ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာန၊ ပဉ္စမဆုရရှိသော စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာနနှင့် နှစ်သိမ့်ဆုရရှိသော ကျန်ဌာနများကို ဆုများချီးမြှင့်ခဲ့ကြသည်။

မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲ အထိမ်းအမှတ်အဖြစ် ဝန်ထမ်းများ သင်္ကြန်ယိမ်းအကပြိုင်ပွဲကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများအနေဖြင့် မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံများကို ချစ်ခင်မြတ်နိုး ထိန်းသိမ်းနိုင်ကြစေရန်၊ ရာသီပွဲတော်အဖြစ် ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနိုင်ကြစေရန်နှင့် မြန်မာ့နှစ်သစ်ကို ကြိုဆိုပြီး အားမာန်အပြည့်၊ စည်းလုံးညီညွတ်စွာဖြင့် နိုင်ငံ့တာဝန်များကို ကြိုးပမ်းထမ်းဆောင်ကြစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပါသည်။




**အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ**
**ပထမဆုရရှိသော အကောက်ခွန်ဦးစီးဌာန ယိမ်းအဖွဲ့နှင့်အတူ**
**မှတ်တမ်းတင်ဓါတ်ပုံရိုက်ကူးစဉ်**

# ကောင်းမွန်သောစီမံမှုလုပ်ထုံးလုပ်နည်းကျင့်သုံးရေး (Good Regulatory Practice – GRP) နှင့်စပ်လျဉ်း၍ သိကောင်းစရာများဆိုင်ရာ တစ်ရက်တာအလုပ်ရုံဆွေးနွေးပွဲ ကျင်းပပြုလုပ်ခြင်း






ကောင်းမွန်သောစီမံမှုလုပ်ထုံးလုပ်နည်းကျင့်သုံးရေး (Good Regulatory Practice – GRP) နှင့် စပ်လျဉ်း၍ သိကောင်းစရာများဆိုင်ရာ တစ်ရက်တာအလုပ်ရုံဆွေးနွေးပွဲကို ၆-၄-၂၀၂၃ ရက်နေ့၊ နံနက် (၀၉:၀၀) နာရီအချိန်ခန့်တွင် Excel Capital Hotel ၊ နေပြည်တော်၌ ကျင်းပခဲ့ပြီး လုပ်ငန်းကော်မတီ၏ ဥက္ကဋ္ဌ၊ ဦးမောင်မောင်ဝင်း (ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန) က တက်ရောက်အမှာ စကားပြောကြားခဲ့ပြီး အဆိုပါအလုပ်ရုံ ဆွေးနွေးပွဲသို့ လုပ်ငန်းကော်မတီ၏ အတွင်းရေးမှူး၊ ဦးသိန်းဆွေ (ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန်ဦးစီးဌာန) နှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များဖြစ်သည့် သက်ဆိုင်ရာ ဝန်ကြီးဌာန/ ဦးစီးဌာန (၂၈) ခုမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပါသည်။

အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များမှာ အာဆီယံအဖွဲ့ဝင်နိုင်ငံများ အကြား စီမံအုပ်ချုပ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ဆောင်ရွက်နိုင်ရေး ပံ့ပိုးပေး

နိုင်ရန်၊ အာဆီယံအဆင့် စီမံအုပ်ချုပ်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအား မြှင့်တင်သွားရန်၊ လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အကျိုးသက်ရောက်မှုများအား စိစစ်ပြီး လုပ်ငန်းစဉ်များအားလုံးတွင်ပါဝင်သည့် ပြုပြင်ရမည့်အချက်များမှ အဟန့်အတားများအား ဦးစားပေးဖော်ထုတ်ပြီး အစီအစဉ်ချမှတ်၍ စနစ်တကျဆောင်ရွက်သွားရန်၊ ဖြစ်နိုင်ချေရှိသည့် နည်းလမ်းများကို ရှာဖွေဖော်ထုတ်ပြီး လုပ်ငန်းစီမံချက်များအား ရေးဆွဲဆောင်ရွက်သွားနိုင်ရန် တို့ဖြစ်ပါသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ဦးမောင်မောင်ဝင်း (ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန) နှင့် သက်ဆိုင်ရာဝန်ကြီးဌာန/ ဦးစီးဌာနများမှ ကိုယ်စားလှယ်များ မှတ်တမ်းတင် အမှတ်တရ ဓာတ်ပုံရိုက်ကူးကြပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌက အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များအား ကောင်းမွန်သော စီမံမှုလုပ်ထုံးလုပ်နည်းကျင့်သုံးရေး (Good Regulatory Practice – GRP) ဆိုင်ရာ သဘောတရားများ၊ စိစစ်သုံးသပ်ချက်များနှင့် မဟာဗျူဟာများကို လိုက်နာဆောင်ရွက်နိုင်စေရေးနှင့် အလုပ်ရုံဆွေးနွေးပွဲမှ ဖော်ထုတ်ရရှိလာမည့် ရလဒ်များကို ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအဖြစ် ဖော်ထုတ်ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း လမ်းညွှန်မှာကြားခဲ့ပြီး အလုပ်ရုံဆွေးနွေးပွဲအား ညနေ (၁၅:၀၀) နာရီ အချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။



# မဟာသင်္ကြန်ရုံးပိတ်ရက်ကာလများအတွင်း ညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ နှစ်သစ်ကူးအန္တရာယ်ကင်း ပရိတ်တရားတော်နာယူခြင်းနှင့် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်း အခမ်းအနားများ ကျင်းပခြင်း



မဟာသင်္ကြန်ရုံးပိတ်ရက် ကာလများအတွင်း ညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ အကောက်ခွန် ဦးစီးဌာနရုံးချုပ် (ဇေယျာသီဟခန်းမ) ၌ ၁၆-၄-၂၀၂၃ ရက်နေ့ သင်္ကြန်အတက်နေ့ နေ့လည် (၁၅:၀၀) နာရီတွင် အသံမစဲ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်း၊ ၁၇-၃-၂၀၂၃ ရက်နေ့ မြန်မာနှစ်ဆန်းတစ်ရက်နေ့ နံနက် (၁၀:၀၀) နာရီတွင် ပဋ္ဌာန်းသိမ်းပွဲ အခမ်းအနားကျင်းပခြင်းနှင့် နေ့လည် (၁၅:၀၀) နာရီတွင် အန္တရာယ်ကင်း ပရိတ်တရားတော်နာယူခြင်း အခမ်းအနားအား ကျင်းပခဲ့ပါသည်။





# စာရေးဝန်ထမ်းသင်တန်း အမှတ်စဉ် (၁/၂၀၂၃) နှင့် အကောက်ခွန်ထိန်းသင်တန်း အမှတ်စဉ် (၁/၂၀၂၃) သင်တန်းဖွင့်ပွဲ အခမ်းအနား



စီမံခန့်ခွဲမှုနှင့်လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၊ လေ့ကျင့်ရေးဌာနစု၊ အကောက်ခွန်သင်တန်းကျောင်း၏ (၂၄-၄-၂၀၂၃) ရက်နေ့မှ (၁၈-၅-၂၀၂၃) ရက်နေ့အထိ ဖွင့်လှစ်သည့် စာရေးဝန်ထမ်းသင်တန်း (၁/၂၀၂၃) နှင့် (၂၄-၄-၂၀၂၃) ရက်နေ့မှ (၅-၅-၂၀၂၃) ရက်နေ့အထိ ဖွင့်လှစ်သည့် အကောက်ခွန်ထိန်းသင်တန်း (၁/၂၀၂၃) အား ဒုတိယညွှန်ကြားရေးမှူးချုပ် (အုပ်ချုပ်မှုနှင့်စီမံရေးရာ) ဦးတင်ကိုထက် မှ ဦးဆောင်၍ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသားဦးရေ (၆၄) ဦး တက်ရောက်ခဲ့ပါသည်။



# ဦးစီးအရာရှိမှ လက်ထောက်ညွှန်ကြားရေးမှူးရာထူးနှင့် ဌာနစုမှူးမှ လက်ထောက်ညွှန်ကြားရေးမှူးရာထူး တိုးမြှင့်ခန့်ထားရေး ရေးဖြေစာမေးပွဲ ကျင်းပခြင်း



အကောက်ခွန်ဦးစီးဌာနအနေဖြင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေနှင့်အညီ ရာထူးတိုး စာမေးပွဲများအား ကျင်းပပေးလျက်ရှိရာ အဆိုပါ အရည်အချင်းစစ်စာမေးပွဲအား အကောက်ခွန်ဦးစီးဌာန၊ အကောက်ခွန် (သင်တန်းကျောင်း) ၌ ဒုတိယညွှန်ကြားရေးမှူးချုပ် (စစ်ဆေးရေးနှင့်အခွန်ကြီးကြပ်ရေး) မှ ဦးဆောင်၍ ကျင်းပခဲ့ပါသည်။ ဦးစီးအရာရှိမှ လက်ထောက်ညွှန်ကြားရေးမှူးရာထူးသို့ တိုးမြှင့်ခန့်ထားရေးအတွက် ဖြေဆိုခွင့်ရရှိသူ (၆၀) ဦးနှင့် ဌာနစုမှူးရာထူးမှ လက်ထောက်ညွှန်ကြားရေးမှူးရာထူးသို့ တိုးမြှင့်ခန့်ထားရေးအတွက် ဖြေဆိုခွင့်ရရှိသူ (၅) ဦး၊ စုစုပေါင်း (၆၅) ဦး ဖြေဆိုခွင့်ရရှိခဲ့ကြပြီး ဦးစီးအရာရှိမှ လက်ထောက်ညွှန်ကြားရေးမှူးရာထူးအတွက် ၁-၄-၂၀၂၃ ရက်နေ့တွင် (ဌာနဆိုင်ရာဘာသာရပ်နှင့် အထွေထွေဗဟုသုတဘာသာရပ်) အားလည်းကောင်း၊ ၂-၄-၂၀၂၃ ရက်နေ့တွင် (အင်္ဂလိပ်စာဘာသာရပ်နှင့် ကွန်ပျူတာဘာသာရပ်) အားဖြေဆိုပြီး ဌာနစုမှူးရာထူးမှ လက်ထောက်ညွှန်ကြားရေးမှူးရာထူးအတွက် ၁-၄-၂၀၂၃ ရက်နေ့တွင် (ဌာနဆိုင်ရာသာသာရပ်နှင့် ရုံးလုပ်ငန်းဘာသာရပ်) အား စစ်ဆေးဆောင်ရွက်ခဲ့ပါသည်။



# အရာထမ်းအခြေခံမွမ်းမံသင်တန်းအမှတ်စဉ် (၁/၂၀၂၃) အား သင်တန်းပို့ချခြင်း




စီမံခန့်ခွဲမှုနှင့်လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၊ လေ့ကျင့်ရေးဌာနစု၊ အကောက်ခွန် သင်တန်းကျောင်း၏ (၂၄-၃-၂၀၂၃) ရက်နေ့မှ (၂၄-၅-၂၀၂၃) ရက်နေ့အထိ ဖွင့်လှစ်သည့် အရာထမ်း အခြေခံမွမ်းမံသင်တန်း အမှတ်စဉ် (၁/၂၀၂၃) အား သင်တန်းဖွင့်လှစ်ခဲ့ရာ (၄-၄-၂၀၂၃) ရက်နေ့တွင် ဒုတိယညွှန်ကြားရေးမှူးချုပ် (စစ်ဆေးရေးနှင့်အခွန်ကြီးကြပ်ရေး) ဦးအောင်ဆန်းထွန်းမှ အကောက်ခွန် ဦးစီးဌာနဆိုင်ရာဘာသာရပ်အား သင်တန်းပို့ချခဲ့ပြီး သင်တန်းသားဦးရေ (၂၈) ဦး တက်ရောက်ခဲ့ပါသည်။



## အကောက်ခွန်ဦးစီးဌာန၏ ၂၀၂၃ ခုနှစ်၊ ဧပြီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၄၅၁၁.၁၄၁) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ၊ ဆိပ်ကမ်း ၊ အထူးကင်း ၊ ရန်ကုန်စာတိုက် နှင့် အကောက်ခွန် နယ်မြေဒေသအသီးသီးတို့တွင် တင်သွင်း/ တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်း/ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေတားဆီး အရေးယူမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဧပြီလ (၁) ရက်နေ့ မှ (၃၀) ရက်နေ့အထိ စုစုပေါင်း တားဆီး/ဖမ်းဆီးမှုမှာ (၁၉၁) မှု ဖြစ်ပြီး ခန့်မှန်းတန်ဖိုးမှာကျပ် (၄၅၁၁.၁၄၁) သန်းဖြစ်ပါသည်။

### ရန်ကုန် တားဆီး/ ဖမ်းဆီးမှု

(၁၉.၄.၂၀၂၃) ရက်နေ့တွင် လေဆိပ်(သွင်းကုန်)၌ AWB No.(21794025816)၊ ID No. (100239376860) (6.4.2023) ဖြင့် တင်သွင်းလာသောကုန်ပစ္စည်းများအား စစ်ဆေးရာ သွင်းကုန်လိုင်စင် တင်ပြနိုင်ခြင်းမရှိသည့် (Pearl Nucleus FNC–@BIO 2ND Grade)(Size 1.6) (500–Momme) (U=Momme) အပါအဝင်ကုန်ပစ္စည်း (၅)မျိုး၊ စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၁,၀၀၄,၇၉၆/–) ခန့်အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။






## အကောက်ခွန်ဦးစီးဌာန၏ ၂၀၂၃ ခုနှစ် ၊ ဧပြီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၄၅၁၁.၁၄၁) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

### ရန်ကုန် တားဆီး/ ဖမ်းဆီးမှု

(၈-၄-၂၀၂၃) ရက်နေ့တွင် မြန်မာ့စက်မှုဆိပ်ကမ်း (MIP)၌ ကုန်သေတ္တာအမှတ်၊ (MRKU-7302773)(TCKU-1144467)(MSKU-7873645)(MSKU-5685145)(SUDU-1938594) (MRKU-9635496) (6X20’) အား ဆိပ်ကမ်းစာရွက်စာတမ်း အတုများဖြင့် ထုတ်ယူရန်ကြံစည်အား ထုတ်ခဲ့သဖြင့် အဆိုပါကုန်သေတ္တာ (၆) လုံးအား MIP ဆိပ်ကမ်းတာဝန်ကျ အကောက်ခွန်ဦးစီးဌာန ပူးပေါင်းအဖွဲ့မှ စစ်ဆေးခဲ့ရာ (Prepainted Galvanized Iron Sheet In Coil) (C/O-China) (165085) Kg၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၂၂၅,၃၄၁,၀၂၅/-) ခန့်အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။





## အကောက်ခွန်ဦးစီးဌာန၏ ၂၀၂၃ ခုနှစ် ၊ ဧပြီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၄၅၁၁.၁၄၁) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

### နယ်မြေများတွင်တားဆီး/ဖမ်းဆီးမှု

(၁၆-၄-၂၀၂၃) ရက်နေ့တွင် (၁၆)မိုင်၊ ကျောက်ချောစစ်ဆေးရေးစခန်းအား ရှောင်ကွင်း၍ ဘယ်လင်း-စွန်ရဲ-ရဲရွာ-ကဇူး-သံတောင်-ရွှေချောင်း-ပြင်စာလမ်းပိုင်းရှိ (၃၁.၅) ကီလိုမီတာ မှတ်တိုင် အနီးတွင် စုပုံထားသော အထုပ်များအား သတင်းအရ မန္တလေးတိုင်းဒေသကြီးအကောက်ခွန်ဦးစီးဌာန တာဝန်ကျအဖွဲ့မှ သွားရောက်စစ်ဆေးရာ ပီနံအိတ်များဖြင့်ထည့်ထားသည့် ကျောက်တုံးဆိုဒ်စုံ (၃) ထုပ်၊ ကျောက်တုံးအသေးရောရာ (၃၃) အိတ် တို့အား စစ်ဆေးတွေ့ရှိခဲ့သဖြင့် မန္တလေးမြို့နယ်အကောက်ခွန် ဦးစီးဌာနမှူးရုံးသို့ ပို့ဆောင်၍ အသေးစိတ်စစ်ဆေးခဲ့ရာ ကျောက်စိမ်းဟုယူဆရသော ကျောက်တုံးဆိုဒ်စုံ (၃)ထုပ် (60-Kg)၊ ခန့်မှန်းတန်ဖိုးကျပ် (၃,၀၀၀,၀၀၀/-) ခန့်အား လည်းကောင်း၊ အလုဆင်ကျောက် ဟုယူဆရသော အနီရောင်ကျောက်မှုန့်နှင့် ကျောက်တုံးအသေးရောရာ (1x48Kgx33Bags) (1584-Kg)၊ ခန့်မှန်းတန်ဖိုးကျပ် (၁၅,၈၄၀,၀၀၀/-) ခန့်အား လည်းကောင်း အမှုတွဲဖွင့်လုစ်၍ တားဆီးခဲ့ပါသည်။





## အကောက်ခွန်ဦးစီးဌာန၏ ၂၀၂၃ ခုနှစ် ၊ ဧပြီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၄၅၁၁.၁၄၁) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

### နယ်မြေများတွင်တားဆီး/ဖမ်းဆီးမှု







(၂၇-၄-၂၀၂၃) ရက်နေ့တွင် ဘားအံခရိုင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့မှ ဘားအံမြို့နယ်အတွင်းရှိ ဂိုဒေါင်များအား ပူးပေါင်းအဖွဲ့ဖြင့် လိုက်လံစစ်ဆေးရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် (Singha Beer)(330 ml)(1x24 Nos)(850-Pkgs) အပါအဝင်ကုန်ပစ္စည်း (၄) မျိုး ၊ စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၅၉,၃၁၈,၀၀၀/-) ခန့်အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန၏ ၂၀၂၃ ခုနှစ် ၊ ဧပြီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၄၅၁၁.၁၄၁) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

### ထူးခြားဖမ်းဆီးမှု



(၇-၄-၂၀၂၃) ရက်နေ့တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း၌ မန္တလေးမြို့မှ မူဆယ်မြို့သို့ မောင်းနှင်လာသောယာဉ် အမှတ်၊ (9L-5371) (12-W) ယာဉ်အား ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းတာဝန်ကျအဖွဲ့မှ စစ်ဆေးခဲ့ရာ တရားဝင် စာရွက်စာတမ်း တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသော ယာဉ် ပေါ်တွင်သိုဝှက်သယ်ဆောင်လာသည့် (ပိတောက်သစ်ခွဲသား ချောင်းဆိုဒ်စုံ-၄၂၄ ချောင်း)(၃.၇၉၂၈-တန်)၊ ခန့်မှန်းတန်ဖိုး ကျပ် (၁၁,၃၇၈,၄၀၀/-) ခန့်အား လည်းကောင်း၊ အခင်းဖြစ် ယာဉ်အမှတ် (9L-5371) (12-W) (HINO PROFIA) (1-U)၊ ခန့်မှန်းတန်ဖိုးကျပ်(၃၅,၀၀၀,၀၀၀/-)ခန့်အားလည်းကောင်း အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။





## အကောက်ခွန်ဦးစီးဌာန၏ ၂၀၂၃ ခုနှစ် ၊ ဧပြီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၄၅၁၁.၁၄၁) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

### ထူးခြားဖမ်းဆီးမှု

(၂၈-၄-၂၀၂၃) ရက်နေ့တွင် မြဝတီမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသော ယာဉ်အမှတ်၊ (5L/6526) (22W) ယာဉ်အား ကော့ကရိတ် (တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ စစ်ဆေးရာ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် (Cycle Tyre) (1Pkgx10) (Brand-Duro) (C/O-Thailand) (50-Pkgs)၊ ခန့်မှန်းတန်ဖိုးကျပ် (၂,၅၀၀,၀၀၀/-) ခန့်အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။




